ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ

# ကျေးဇူးသိတတ်
# ကျေးဇူးဆပ်

ပြန့်ချိရေး
**ဆုပြည့်စုံထွန်းစာပေ**
အမှတ် - ၅၀၈/၅၁၂။ (၂-ခ)၊ ပထမထပ်၊ (သရဖီကွန်ဒို)၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

## ဓမ္မဒူတ တရားတခန်း

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။

ဓမ္မဒူတ စာရေးပြု ဖတ်ကြ ကျင့်ကြစေ။

ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ။

ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ။



ဓမ္မဒူတ

# ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A(Sri Lanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ

ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ

# ဒေါက်တာအရှင်ပညာသရ

မွန်ပြည်နယ်၊ သထုံမြို့ ညောင်ဝိုင်းရပ်နေ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည်တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွားမြင်သည်။

တောင်စွန်း ဓမ္မဒူတတောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး

သဒ္ဓမ္မသီတဂူရှောင်တို့တွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်းကောင်း ပညာ သင်ယူခဲ့ပါသည်။

သာသနဓဇ ဓမ္မာစရိယဘွဲ့၊

သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊

သာသနဟိတ ဂဏဝါစက အာစရိယဘွဲ့၊

B.A (Myanmar), M.A (Srilanka), Ph.D (India) ဘွဲ့တို့ကို ရရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်းကြီးမှ ဆက်ကပ်သော အဘိဝံသ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တော်ကို ရရှိခဲ့သည်။

ဓမ္မဒူတဆရာတော်ကြီး လွှန်တော်မူသည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်းဓမ္မဒူတ တောရကျောင်းတိုက် နာယကဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၂၀၀၄ ခုနှစ်မှစတင်၍ သထုံမြို့နယ်၊ ကျိုက်ကော်ကျေးရွာတွင် ဓမ္မဒူတသုခိတာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။

၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

## ကျေးဇူးသိတတ် ကျေးဇူးဆပ်

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း (၇) ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့ ညတွင် လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဘုရင့်နောင်အိမ်ယာ (၄) လမ်း သာသနာ့နုဂ္ဂဟ ဆွမ်းလောင်းအသင်းရဲ့ ဆွမ်းလောင်း အောင်မြင် ဓမ္မသဘင် ဆင်ယင်ကျင်းပရာ၌ ဟောကြားအပ်သော ကျေးဇူးသိတတ် ကျေးဇူးဆပ်တရားတော်။

## သူတော်ကောင်းခလေ့

ကျေးဇူးတရားကို သိတတ်ရမယ်၊ သိတတ်တဲ့အလျောက် ပေးဆပ်ရမယ်လို့ သူတော်ကောင်းတွေရဲ့ ခလေ့ထုံးစံကို သိရှိကြည်ညိုအတုယူနိုင်အောင် တရားတစ်ပုဒ် ဟောကြနာကြမယ်။

ကျေးဇူးသိခြင်းနဲ့ ကျေးဇူးဆပ်ခြင်းဟာ ကတညုတ ကတဝေဒီမင်္ဂလာပါ။ ကတညုတဆိုတာက သူတစ်ပါးတွေက ကိုယ့်အပေါ်မှာ ပြုထားဖူးတဲ့ ကျေးဇူးကို သိခြင်းပါ။ ကတဝေဒီဆိုတာက သိတဲ့ကျေးဇူးတရားတွေကို တတ်နိုင်သလောက် ပေးဆပ်ခြင်းပါ။ ဒါဟာ သူတော်ကောင်းတွေရဲ့ ထုံးတမ်းစဉ်လာ၊ သူတော်ကောင်းတွေရဲ့ အလေ့အကျင့်ပါ။ သူတော်ကောင်းတွေဟာ ကျေးဇူးသိခြင်းရှိပါတယ်။ ကျေးဇူးကိုလည်း မမေ့မပျောက် ပေးဆပ်တတ်ကြပါတယ်။

# ကျေးဇူးဆိုသည်မှာ

"ကျေးဇူး၊ ကျေးဇူး"လို့ ပြောကြရာမှာ ကျေးဇူးဆိုတာကို သေသေချာချာ သိထားနားလည်ထားသင့်ပါတယ်။ ကျေးဇူးဆိုတဲ့ စကားလုံးကို ပုဂံခေတ်က ကျောက်စာတွေမှာ တွေ့ဖူးလို့ ပုဂံခေတ်ထဲက ပြောဆိုနေကြတယ်လို့ သိနိုင်ပါတယ်။ ဒီခေတ်မှာလည်း "ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်" ဆိုတဲ့ စကားကို တွင်တွင်ကြီး သုံးကြတယ်၊ ပြောဆိုနေကြပါတယ်။

ကျေးဇူးဆိုတာ တစ်စုံတစ်ယောက်က တစ်စုံတစ်ခု ကိုယ့်အပေါ်ကို ကောင်းကျိုးပြုခြင်းလို့ ဘုန်းကြီးတို့ အဲဒီလိုလေး နားလည်ထားပါတယ်။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက ကိုယ့်ကို